တရားမဆိုင်ရာ(စီရင်ချက်ပုံစံ)၁၃၁

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၆ ခုနှစ် တရားမအယူခံမှုအမှတ် ၇၅၄

စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၄၅ တွင် ချမှတသည့် ၂၀၁၆ ခုနှစ် အောက်တိုဘာ လ ၁၄ ရက်စွဲပါစီရင်ချက် နှင့် ဒီကရီအပေါ် အယူခံမှု

| | | |
|---|---|---|
| ၁။ ဒေါ်လှလှဝင်း | နှင့် | ၁။ ဦးစောမြင့် (ခ)ဦးအားစုံး |
| ၂။ ကိုအောင်ကျော်ကျော် | | ၂။ ကိုထွန်းဇော် |
| | | ၃။ ကိုသိန်းဦး |
| | | ၄။ ကိုအားပေါက် |

**အယူခံတရားလိုများ** **အယူခံတရားပြိုင်များ**

အယူခံတရားလိုများအတွက် — ဦးတင်ဝင်း၊တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်များအတွက်- ၁၊ ဦးဝင်းရွှေ ၊တရားလွှတ်တော်ရှေ့နေ
၂၊၃၊၄ ဦးစိုးဝင်းဦး၊တရားလွှတ်တော်ရှေ့နေ

**စီရင်ချက်**

ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်

ကသာခရိုင်တရားရုံး ၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၅ တွင် တရားလိုဦးစောမြင့်(ခ) ဦးအားစုံးမှ တရားပြိုင်ဒေါ်လှလှဝင်းပါ-၅ဦးအပေါ် စက်သုံးဆီ နှင့် ကုန်ပစ္စည်းကြွေးကျန်ငွေ၂၂၄၄၀၅၀၀ ကျပ် ပြန်ရလိုမှုစွဲဆိုရာ တရားလိုသည် တရားပြိုင် ဒေါ်လှလှဝင်း နှင့် ကိုအောင်ကျော်ကျော်တို့ထံမှငွေကျပ် ၂၂၄၄၀၅၀၀ ရထိုက်ကြောင်း စရိတ် နှင့် တကွ ဒီကရီချမှတ်သည်။ အဆိုပါစီရင်ချက် နှင့် ဒီကရီကိုဒေါ်လှလှဝင်းပါ-၂ ကစစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၅ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၄၅ ဖြင့် အယူခံရာ အောင်မြင်မှုမရှိသဖြင့် ဤအယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

အဆိုလွှာတွင်တရားလို ဦးစောမြင့်သည် နောင်ပွတ်ရွှေမှော်တွင် ရွှေမြင်းစက်အပိုပစ္စည်း နှင့် စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်း နှင့် မြေတူးစက်ငှားရမ်းသောလုပ်ငန်းကို လုပ်ကိုင်ကြောင်း၊ တရားပြိုင် ၁၊၂ တို့သည် အတူနေသားအမိဖြစ်ပြီး မတ္တရာ ကချင်ကုန်းရွှေမှော်တွင် မင်းဝင်းစိုးရွှေသတ္တုတူးဖော်ရေးအမည်ဖြင့်ရွှေတူးဖော်သည့်လုပ်ငန်းလုပ်ကိုင်၍တရားပြိုင် ၃၊၄၊၅တို့မှာကျင်းကိုယ်စားလှယ်များဖြစ်ကြောင်း၊၁-တရားပြိုင်သည် ၎င်းလုပ်ငန်းအတွက် လိုအပ်သောဆက်စပ်ပစ္စည်းများကို၁၅-၃-၂၀၁၂နေ့တွင်အကြွေးစနစ်ဖြင့်တရားလိုထံတွင်ဝယ်ယူခဲ့ကြောင်း၊ ၁-တရားပြိုင်က ၎င်း၏ရွှေတွင်းမှရရှိသော ရွှေဖြင့်

ကုန်ကြွေးငွေကုပေါက်ဈေးဖြင့် ပြန်လည်ပေးသွင်းကြောင်း၊ ၁၅-၃-၂၀၁၂ရက်နေ့မှ ၁-၁၁-၂၀၁၃ရက်နေ့ထိ ကာလအတွင်းစက်ပစ္စည်းအကြွေးဝယ်ယူပြီး ရွှေဖြင့်ပြန်လည်ပေးသွင်းခုနှိမ်၍ အကြွေးကျန်ငွေမှာ ၂၂၄၄၀၅၀၀ကျပ်ဖြစ်ကြောင်း၊ ၁-တရားပြိုင်က ၃၁-၈-၂၀၁၄ ရက်နေ့တွင် ငွေအားလုံးကိုပေးဆပ်မည်ဖြစ်ကြောင်းပြောဆိုသော်လည်း ပေးဆပ်ခြင်းမရှိ၍ ရှေ့နေမှတစ်ဆင့် ၃၀-၉-၂၀၁၄ ရက်နေ့နောက်ဆုံးပေးဆပ်ရန် အကြောင်းကြားစာပေးပို့ခဲ့သော်လည်း ၁-တရားပြိုင်က ကုန်ကြွေးစနစ်ဖြင့်မဝယ်ခဲ့၍ ပေးရန်မရှိကြောင်း အကြောင်းပြန်ကြားခဲ့သောကြောင့် တရားစွဲဆိုရကြောင်း အဆိုပြုသည်။

တရားပြိုင်များက ချေလာတွင် ၁၊၂တရားပြိုင်တို့သည် ၉-၃-၂၀၁၄ရက်နေ့တွင် မတ္တရာအချင်းဖြစ်ကုန်းရွှေမှော်သို့ရောက်ရှိပြီးတရားလနှင့်သိရှိခြင်းဖြစ်ကြောင်း၊ ယခင်ကလာရောက်လုပ်ကိုင်ခြင်းမရှိကြောင်း၊ ယခင်ကလုပ်ကိုင်နေသူမှာ ဦးမင်းစိုးဆိုသူဖြစ်ကြောင်း၊ ၃၊၄၊၅ တရားပြိုင်တို့သည် ၂၀၁၄ခုနှစ်မတိုင်မီက ဦးမင်းစိုးဆိုသူ၏ကျင်းခေါင်း နှင့် အလုပ်သမားများဖြစ်ကြောင်း၊ ၁၊၂တရားပြိုင်တို့သည် တရားလိုထံမှ ပစ္စည်းများကိုအကြွေးစနစ်ဖြင့် ဝယ်ယူခဲ့ခြင်းမရှိကြောင်း၊ ၂၀၁၄ခုနှစ်မတိုင်မီက ၃၊၄၊၅ တရားပြိုင်တို့မှာ ဦးမင်းစိုးဆိုသူ နှင့်အတူ တရားလို၏ဆိုင်သို့ရောက်ဖူးပြီး ဉးမင်းစိုးသယ်ခိုင်းသည့်ပစ္စည်းများသယ်ဆောင်ပေးရသော်လည်း အကြွေးယူခြင်း၊ လက်ငင်းပေးချေခြင်းတို့ကိုမသိကြောင်း၊၁၉-၁-၂၀၁၄ ရက်နေ့တွင် ဦးမင်းစိုးဆိုသူအား ကုမ္ပဏီမှနုတ်ထွက်ခွင့်ပြုပြီးနောက်မှသာ ၁၊၂တရားပြိုင်တို့မှာ ရွှေလုပ်ကွက်သို့ လာရောက်နေထိုင်ကြောင်း၊ ဦးမင်းစိုးအား နုတ်ထွက်ခွင့်ပြုစဉ်က ကုမ္ပဏီအနေဖြင့် ရရန်ပေးရန်ငွေစာရင်းများအား တင်ပြခိုင်းစဉ်က ရွှေမြင်းစက်ပစ္စည်းဆိုင်မှ ကုန်ကြွေးဝယ်ယူ၍ အကြွေးကျန်သည်ဟု စာရင်းတင်ပြခဲ့ခြင်းမရှိကြောင်း၊ တရားလိုသည် ၂၊၃၊၄၊၅ တရားပြိုင်တို့ထံတါင်လည်း အကြွေးတောင်းခံခြင်းမရှိကြောင်း ချေပသည်။

ကသာခရိုင်တရားရုံးက တရားလိုရေးမှတ်ထားသောစာရင်းစာအုပ် သက်သေခံ-က မှာအသေးစိတ်ရေးမှတ်ထားခြင်းဖြစ်သဖြင့် အလွယ်တကူ ဖန်တီးတင်ပြထားခြင်းမျိုးမဟုတ်ကြောင်း၊ ၁၊၂တရားပြိုင်များသည် မင်းဝင်းစိုးကုမ္ပဏီ၏တာဝန်ရှိသူများဖြစ်ပြီး ဦးမင်းစိုး၏လုပ်ကွက်သို့လာရောက်ခြင်း၊ စက်ပစ္စည်းများပေးပို့ခြင်းစသည်တို့ကိုပြုလုပ်သည့်အပြင်မိသားစုများသာပါဝင်သောကုမ္ပဏီဖြစ်၍ ကုမ္ပဏီ၏ပေးရန် ရရန်ရှိငွေမားကို ကုမ္ပဏီမှတာဝန်ရှိသူ ၁၊၂တရားပြိုင်များက ပေးဆပ်ရန်တာဝန်ရှိ၍ ၃ကြိမ်တိုင်တိုင် ပေးဆပ်ခဲ့ကြောင်း ထင်ရှားပေါ်ပေါက်သည်ဟု သုံးသပ်ကာ တရားလိုသည် ၁၊၂တရားပြုင်တို့ထံမှငွေ ၂၂၄၄၀၅၀၀ ကျပ်ကို ရထိုက်ကြောင်း စရိတ် နှင့် တကွ အနိုင်ဒီကရီချမှတ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်က မူလ ကသာခရိုင်တရားရုံး၏ စီရင်ချက် နှင့်ဒီကရီသည် မှားယွင်းမှုမရှိကြောင်း သုံးသပ်၍ အယူခံမှုကို ပလပ် သည်။

အယူခံတရားလိုများ၏ရှေ့နေက ၁၅-၃-၂၀၁၂ ရက်မှ ၁-၁၁-၂၀၁၃ အထိကာလအတွင်းမင်းဝင်းစိုးရွှေသတ္တုတူးဖော်ရေးလုပ်ငန်းတွင် ဦးစီးလုပ်သူမှာဦးမင်းစိုးဖြစ်ကြောင်း အငြင်းမပွားပေါ်ပေါက်ကြောင်း၊ အယူခံတရားလိုများသည် ၁၉-၁-၂၀၁၄ ရက်နေ့တွင် ကုမ္ပဏီမှ ဦးမင်းစိုးနုတ်ထွက်ပြီးမှလုပ်ငန်းသို့ရောက်ရှိခြင်းဖြစ်ကြောင်း ပေါ်ပေါက်သော်လည်း မူလရုံးသည် ဦးမင်းစိုးဆိုသူအား အမှုတွင်ထည့်သွင်းစွဲဆိုခဲ့ခြင်းမရှိခြင်းမှာ မှားယွင်းပါကြောင်း၊ သာမန်ဗလာစာအုပ်ဖြင့် ရေးမှတ်ထားသော သက်သေခံ-ကစာရင်းစာအုပ်အပေါ် အခြေပြု၍ ကြွေးကျန်ငွေ ၂၂၄၄၀၅၀၀ ကျပ်ကျန်သည်မှာမှန်သည်ဟုဖြေကြားခြင်းမှာဥပဒေအရမှားယွင်းနေပါကြောင်း၊ မူလရုံးအမိန့်ကို အတည်ပြုခဲ့သော တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်မှာဥပဒေ နှင့် ဆန့်ကျင်ပြီး ချမှတ်ခဲ့သောအမိန့်ဖြစ်၍ ထိုစီရင်ချက် နှင့် ဒီကရီတို့ကို ပယ်ဖျက်ပြီး

အယူခံမှုကို ခွင့်ပြု၍ မူလရုံးတရားလို၏အဆိုလွှာအား စရိတ် နှင့် တကွ ပလပ်ပေးပါရန် လျှောက်လဲတင်ပြသည်။

အမှတ်-၁ အယူခံတရားပြိုင်၏ရှေ့နေက မူလရုံး ၁-တရားပြိုင်ဒေါ်လှလှဝင်း နှင့် ဦးမင်းစိုးတို့မှာ လင်မယားဖြစ်ပြီး ၂-တရားပြိုင်မှာ ၁-တရားပြိုင် နှင့် ဦးမင်းစိုးတို့၏သားဖြစ်ကြောင်း၊ မင်းဝင်းစိုးရွှေသတ္တုတူးဖော်ရေးကုမ္ပဏီကို ဒေါ်လှလှဝင်း၊ ဦးမင်းစိုး နှင့် ကိုအောင်ကျော်ကျော်တို့က ဦးစီးလုပ်ကိုင်ကြောင်း ပေါ်ပေါက်ပါကြောင်း၊ ဒေါ်လှလှဝင်းက ၂၀၁၄ခုနှစ် မတ်လ၊ ဧပြီလ၊ ဇွန်လတို့တွင် ၁ကြိမ်စီ ၃ကြိမ်စုစုပေါင်း ငွေသိန်း ၁၅၀ ခန့်ပေးသွင်းခဲ့ကြောင်း ထွက်ဆိုချက်အရ ကြွေးကျန်ပေးရန်ရှိ၍ သာလျှင်ငွေသိန်း ၁၅၀ ခန့်ကိုပေးသွင်းခဲ့ကြောင်း ထင်ရှားပါကြောင်း၊ သက်သေခံ-က ကုန်ကြွေးစာရင်းစာအုပ်အရလည်း အယူခံတရားပြိုင်အမှတ်-၁ က အယူခံတရားလိုများထံမှ ကြွေးကျန်ရရှိရန်ရှိကြောင်း ထင်ရှားနေ၍ အယူခံမှုကို ပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

အမတ် ၂၊၃၊၄ အယူခံတရားပြိုင်များ၏ရှေ့နေက အမှုမှ ၂၊၃၊၄ အယူခံတရားပြိုင်များအနေဖြင့် အမှု နှင့် ပတ်သက်၍ ပေးလျော်ရန်တာဝန်မရှိကြောင်း ဆုံးဖြတ်ချက်သည် မှားယွင်းခြင်းမရှိပါကြောင်း၊ အမှတ်-၁ အယူခံတရားပြိုင်အနေဖြင့် ဦးမင်းစိုးဆိုသူကို အမှုသည်အဖြစ်ထည့်သွင်းပြီးစွဲဆိုခြင်းမရှိဘဲ မူလရုံးမှဆုံးဖြတ်ခြင်းမှာ မှားယွင်းပါကြောင်း၊ သက်သေခံ-က စာရင်းစာအုပ်မှာမှန်ကန်သည်ဟုယူဆရန်အကြောင်းမရှိသဖြင့် အယူခံမှုကို ခွင့်ပြု၍ တရားရုံးအဆင့်ဆင့်၏ဒီကရီများကို ပယ်ဖျက်ပေးရန် လျှောက်လဲတင်ပြသည်။

တရားလိုဦးစောမြင့်သည် ရွှေမြင်းစက်အပိုပစ္စည်း နှင့် စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းကိုလုပ်ကိုင်သည်။ ၁-တရားပြိုင် ဒေါ်လှလှဝင်းသည် မင်းဝင်းစိုးရွှေသတ္တုတူးဖော်ရေးကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာဖြစ်ပြီး ၂-တရားပြိုင် ကိုအောင်ကျော်ကျော်မှာ ဒါရိုက်တာဖြစ်သည်။ ဒေါ်လှလှဝင်း နှင့် ကိုအောင်ကျော်ကျော်တို့မှာ အတူနေသားအမိများဖြစ်ကြသည်။ ၃-တရားပြိုင်ကိုထွန်းဇော်၊ ၄-တရားပြိုင်ကိုသိန်းဦး၊ ၅-တရားပြိုင် ကိုအားပေါက်တို့သည် ဒေါ်လှလှဝင်းတို့၏ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းမှ ကျင်းခေါင်း(ကျင်းကိုယ်စားလှယ်များ)ဖြစ်သည်။ ဦးမင်းစိုးသည် ဒေါ်လှလှဝင်း၏ခင်ပွန်းဖြစ်ပြီး ယခင်က မင်းဝင်းစိုးကုမ္ပဏီတွင်ဒါရိုက်တာအဖြစ်လုပ်ကိုင်ခဲ့သည်။

ဒေါ်လှလှဝင်းသည်ကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာဖြစ်၍ကုမ္ပဏီတွင်တာဝန်အရှိဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ဦးမင်းစိုးမှာ ကုမ္ပဏီမှနှုတ်ထွက်ခွင့်ပြုသဖြင့် နှုတ်ထွက်သွားပြီဖြစ်သောကြောင့် ဤအမှုတွင်တရားပြိုင်အဖြစ် ထည့်သွင်းမစွဲဆိုခဲ့ခြင်းဖြစ်သည်။

အမှုတွင် မိမိသည် ရွှေမြင်းစက်အပိုပစ္စည်း နှင့် စက်သုံးဆီရောင်းဝယ်ရေး လုပ်ငန်းကိုလုပ်ကိုင်ကြောင်း၊တရားပြိုင်ဒေါ်လှလှဝင်းတို့သည်မင်းဝင်းစိုးရွှေသတ္တုတူးဖော်ရေးကုမ္ပဏီဖြင့် ရွှေတူးသည့်လုပ်ငန်းကိုလုပ်ပိုင်ကြောင်း၊ ကိုထွန်းဇော်၊ကိုသိန်းဦး၊ ကိုအားပေါက်တို့သည် ဒေါ်လှလှဝင်းတို့၏လုပ်ငန်းဆက်စပ်မှုရှိပြီး ပထမပိုင်းတွင် လက်ငင်းငွေချေးစနစ်ဖြင့် ပစ္စည်းများကိုဝယ်ယူပြီး ၁၅-၃-၂၀၁၂ နေ့မှစ၍ အကြွေးစနစ်ဖြင့်ဝယ်ယူခဲ့ကြောင်း၊ အကြွေးစာရင်းစာအုပ်နှစ်အုပ်ဖွင့်လှစ်ပြီး စာအုပ်တွင် ရက်စွဲအလိုက်ပစ္စည်းတန်ဖိုးတို့ကို အသေးစိတ်ဖော်ပြထားပြီး တစ်အုပ်ကိုမိမိကယူကာတစ်အုပ်အား ဒေါ်လှလှဝင်းတို့အားပေးထားကြောင်း၊အကြွေးဝယ်ယူသည့်အခါတိုင်း အကြွေးစာရင်းစာအုပ်ကို ယူလာပြီး ဝယ်ယူသည့်ပစ္စည်းကိုရက်စွဲအလိုက်ဖော်ပြထားကြောင်း၊ဒေါ်လှလှဝင်းတို့ကရရှိသော ရွှေကိုမိမိထံပေးသွင်းပြီး အကြွေးကိုခုနှိမ်လေ့ရှိကြောင်းဖြင့် တရားလို၏ထွက်ဆိုချက်ကိုမောင်ကျော်ကျော်(လိုပြ-၂) နှင့် မောင်အောင်မျိုးဦး(လိုပြ-၄)တို့ကထောက်ခံထွက်ဆိုကြသည်။ မောင်ကျော်ကျော်မှာ ဆိုင်တာဝန်ခံဖြစ်ပြီး ပစ္စည်းများပေးအပ်

ကာစာရင်းစာအုပ်တွင် ရေးသွင်းရသူဖြစ်ပြီး မောင်အောင်မျိုးဦးသည် ဆိုင်တွင်ကူညီလုပ်ကိုင်ပြီး ပစ္စည်းများထုတ်ပေးရသူများဖြစ်၍ ၎င်းတို့၏ထွက်ဆိုချက်ကို ယုံကြည်လက်ခံနိုင်သည်။

တရားလိုက ကုန်ပစ္စည်းစာရင်းစာအုပ်ကို သက်သေခံ-က ဖြင့် တင်ပြထားသည်။ စာအုပ်တွင် အကြွေးယူသည့်ပစ္စည်းများကို ရက်စွဲ၊ ပစ္စည်းအမျိုးအမည်၊ ဈေးနှုန်း၊ သင့်ငွေတို့ကိုအသေးစိတ်ဖော်ပြထားသည်။စာရင်းစာအုပ်တွင် စာမျက်နှာ ၄၉ အထိစာရင်းများကိုသေချာစွာ ထည့်သွင်းထားသည်ကိုတေ့ရသည်။ စာရင်းစာအုပ်တွင် ပစ္စည်းကို လက်ခံရရှိသောသူ၏လက်မှတ်ကိုဖော်ပြထားခြင်းမရှိပေ။ လက်မှတ်ရေးထိုးထားခြင်းမရှိကာမျှဖြင့် ထိုပစ္စည်းများကို လက်ခံရရှိခြင်းမရှိဟု ယူဆ၍မရပေ။ မောင်ကျော်ကျော်ကတစ်ဦး နှင့် တစ်ဦး ယုံကြည်မှုကို ရှေးရှု၍ ကတိဖြင့်လုပ်ငန်းလုပ်ကိုင်ကြခြင်းဖြစ်၍ လက်မှတ်မရေးထိုးကြခြင်းဖြစ်ကြောင်း ထွက်ဆိုထားသည်။ စာရင်းစာအုပ်တွင် ရွှေဖြင့်ပေးသွင်းငွေများကိုလည်း အကြွေးငွေမှနှုတ်ထားသည်ကို တွေ့ရသဖြင့် တရားလို၏ထွက်ဆိုချက် နှင့် ကိုက်ညီနေသည်ကို တွေ့ရသည်။

တရားလိုရှေ့နေ၏ ပြန်လှန်မေးမြန်းချက်အပေါ် " တရားလိုသို့ ကျွန်မတုမှ ၃ကြိမ်ခွဲ၍ ပေးဆပ်ခဲ့သောငွေမည်မျှရှိပါသလဲဆိုလျှင် တစ်ကြိမ်စီပေးသောငွေ မည်မျှရှိသည်ကိုတော့ မမှတ်မိပါ။ ၃ကြိမ်ပေါင်းပေးလိုက်ရသည့်ငွေမှာသိန်း ၁၅၀ ကျော်မည်ဖြစ်ပါသည်။ ××× ကျွန်မပေးအပ်ခဲ့သည့်သိန်း ၁၅၀ ကျော်သည်ငွေကြေးပမာဏအားဖြင့် အလွန်များနေသဖြင့် များပြားသောငွေကြေးကို အမှန်တကယ် ပေးဆပ်ရန်ရှိ၍သာ ထိုသို့ပေးဆပ်ခဲ့ခြင်းဖြစ်သည်ဟုဆိုလျှင် ကျွန်မအရှက်ကွဲမခံချင်လိုသဖြင့် ထိုသို့ ပေးဆပ်ခဲ့ခြင်းဖြစ်ပါသည်။ ၎င်းအပြင် တရားစွဲဆိုမခံချင်လိုသည့် သဘောဖြင့် ပေးဆပ်ခဲ့ပါသည်"ဟု ၁-တရားပြိုင်ဒေါ်လှလှဝင်းက ဖြေဆိုထားသည်။ ယင်းဖြေဆိုချက်အရ ဒေါ်လှလှဝင်းသည် ငွေစုစုပေါင်း ကျပ်သိန်း ၁၅၀ ကို ၃ကြိမ်ခွဲ၍ ဦးစောမြင့်သို့ပေးဆပ်ခဲ့ပြီးဖြစ်သည်မှာ ထင်ရှားသည်။ ဒေါ်လှလှဝင်းက အရှက်ကွဲမခံလိုသဖြင့်လည်းကောင်း၊ တရားစွဲဆိုမခံလို၍လည်းကောင်း ဤမျှများပြားသောငွေများကို ပေးဆပ်စရာမရှိဘဲပေးဆပ်ခဲ့သည်ဆိုခြင်းမှာသဘောဝမကျပေ။တရားလိုသို့အကြွေးငွေမားပေးရန်ရှိ၍သာ ငွေကျပ်သိန်း ၁၅၀ ကို ပေးဆပ်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရမည်ဖြစ်သည်။

ဒေါ်လှလှဝင်းတို့က ပိုက်ပျော့၊ စက် နှင့် မျှောသုံးပစ္စည်းများစုစုပေါင်းငွေ ၂၂၄၄၀၅၀၀ ကျပ်ပေးရန်ရှိကြောင်းဦးစောမြင့်၏ထွက်ဆိုချက်ကိုစာရင်းရေးသွင်းသူမောင်ကျော်ကျော်(လိုပြ-၂)ကလည်း ထောက်ခံထွက်ဆိုပြီးသက်သေခံ-က ငွေစာရင်းစာအုပ်တွင်လည်း ပေးရန်ကျန်ငွေမှာ ၂၂၄၄၀၅၀၀ ကျပ်ဟုဖော်ပြထားသည်ကိုတွေ့ရှိရသည်ဖြစ်ရာ တရားပြိုင်ဒေါ်လှလှဝင်း နှင့် သားကိုအောင်ကျော်ကျော်တို့က ဦးစောမြင့်သို့ငွေ ၂၂၄၄၀၀၅၀၀ကျပ် ပေးရန်ရှိနေကြောင်း ထင်ရှားပေါ်ပေါက်သည်။

**နဒိမ်းဆင်(ခ)ကရမ်ဆင်း နှင့် ဦးဘသော် အမှု**[၁] တွင် အကြောင်းခြင်းရာ နှင့် ပတ်သက်ပြီးမူလရုံးနှင့်အယူခံရုံးတို့၏ဆုံးဖြတ်ချက်မှထပ်တူထပ်မျှ ဖြစ်နေလျှင် ဒုတိယအယူခံမှုကိုကြားနာသည့် တရားရုံးက ဝင်ရောက်စွက်ဖက်လေ့မရှိကြောင်း ဆုံးဖြတ်ထားသည်။

အောက်ရုံးနှစ်ရုံးစလုံးက အကြောင်းခြင်းရာ နှင့် ပတ်သက်၍ တူညီတွေ့ရှိထားလျှင် ဒုတိယအယူခံရုံးက လုံလောက်သောအကြောင်းမရှိပါက ဝင်ရောက်စွက်ဖကခြင်းမပြုထိုက်ကြောင်း **ဦးသိန်းလှပါ-၂ နှင့် ဒေါ်ညွန့်ညွန့်အမှု**[၂] တွင် ထုံးဖွဲ့ထားသည်။

---

[၁] ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၂
[၂] ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၀၁

ဤအမှုတွင် မူလတရားရုံး နှင့် ပထမအယူခံတရားရုံးတို့က အကြောင်းခြင်းရာ နှင့် ပတ်သက်၍ ဒေါ်လှလှဝင်း နှင့် ကိုအောင်ကျော်ကျော်တို့က အကြွေးငွေပေးရန်ရှိကြောင်း တူညီစွာ သုံးသပ်ထားသည်ကိုတွေ့ရှိရပြီး ဤရုံးမှဝင်ရောက်စွက်ဖက်ရန်လုံလောက်သောအကြောင်းကိုမတွေ့ရှိရသည့် အတွက် တိုင်းဒေသကြီးတရားလွှတ်တော်၏ဒီကရီကို ဤရုံးမှဝင်ရောက်စွက်ဖက်ပြင်ဆင်ရန်မလိုကြောင်း သုံးသပ်ရရှိသည်။

သို့ဖြစ်၍ဤအယူခံမှုကို စရိတ် နှင့် တကွ ပလပ် သည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀၀ သတ်မှတ်သည်။

( မြင့်အောင် )
တရားသူကြီး